Aurora Public Schools

**Division of Equity in Learning**
15751 E. First Ave.
Aurora, CO 80011

Phone – 303-340-0859
Fax – 303-326-1966
Web – auorak12.org

**2018 ခုနှစ် ဖေဖော်ဝါရီလ**
**သင်ရိုးညွှန်တမ်း မွမ်းမံပြင်ဆင်ခြင်း - မူလတန်းနှင့် အလယ်တန်း အဆင့် စာပေ**

2017 ခုနှစ် စက်တင်ဘာလတွင် APS စာပေရေးရာအဖွဲ့သည် စာပေညွှန်ကြားချက် အစိတ်အပိုင်းများအားလုံးကို ပံ့ပိုးပေးနိုင်ရေးအတွက် အမျိုးမျိုးသော Tier I ရင်းမြစ်များအား ဆန်းစစ်အကဲဖြတ်ရန်နှင့် ခွဲခြားသတ်မှတ်ရန်အလို့ငှာ အထူးအဖွဲ့တစ်ခုကို ဖွဲ့စည်းခဲ့ပါသည်။ ဤအထူးအဖွဲ့ ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်မှာ ခရိုင်ခေါင်းဆောင်မှုအဖွဲ့အား အဖတ်၊ အရေးနှင့် စကားလုံး လေ့လာမှုတို့ကို ပံ့ပိုးပေးရာတွင် လိုအပ်သည့် အမျိုးမျိုးသော ရင်းမြစ်များအတွက် ကုန်ကျစရိတ်များနှင့် ပတ်သက်သည့် ဆန်းစစ်ချက်တစ်ခုကို ပေးနိုင်စေရန် ဖြစ်သည်။ ညီညွတ်မျှတသော စာပေရေးရာညွှန်ကြားချက်များကို ပံ့ပိုးပေးရာတွင် မည်သည့်ရင်းမြစ်များသည် ကိုလိုရာဒို ပညာရေးစံနှုန်းများနှင့် အကိုက်ညီဆုံးဖြစ်သည်ကို ဆုံးဖြတ်ရန်အတွက် သုံးလတာကာလအတွင်း အဆိုပါအဖွဲ့သည် အမျိုးမျိုးသော ပစ္စည်းရောင်းချသူများ၏တင်ပြပုံများကို တက်ရောက်လေ့လာခဲ့ပါသည်။ အထူးအဖွဲ့ဝင်များတွင် ကျောင်းခေါင်းဆောင်များ၊ ရပ်ရွာအသိုက်အဝန်းအတွင်းမှ သင်ကြားရေး မိတ်ဖက်များ၊ အထူးပညာရေး၊ ယဉ်ကျေးမှုနှင့် စာပေးရေးရာအရ ကွဲပြားသော ပညာရေးအစီအစဉ်တို့မှ ကိုယ်စားပြုအဖွဲ့များ ပါဝင်သည့် APS စာပေရေးရာ အဖွဲ့ဝင်များ ပါဝင်ကြပါ သည်။

ပဏာမပြန်လည်သုံးသပ်ချိန်အတွင်း အောက်ပါ သင်ရိုးရင်းမြစ်များ ထွက်ပေါ်လာပါသည် -

| စာအုပ်အမည် | ထုတ်ဝေသူ | အဆင့် | ထင်မြင်သုံးသပ်ချက်များ |
|---|---|---|---|
| Fountas and Pinnell *Classroom* | Heinemman | မူလတန်း | • လက်ရှိ ရွေးချယ်အသုံးပြုထားသော အချက်အလက်၏ မွမ်းမံပြင်ဆင်ထားသည့် အစိတ်အပိုင်းသစ်များ<br>• ရွေးချယ်သင်ကြားရန်အတွက် ထည့်သွင်းစဉ်းစားခြင်း |
| Teachers College *Reading and Writing Units of Study* | Heinemman | မူလတန်း | • အမျိုးမျိုးသော APS စာသင်ခန်းများစွာတွင် လက်ရှိအသုံးပြုထားပြီး ရွေးချယ်ရေးလုပ်ငန်းစဉ်ဖြင့် မဆန်းစစ်ရသေးပါ<br>• ရွေးချယ်သင်ကြားရန်အတွက် ထည့်သွင်းစဉ်းစားခြင်း |
| *Wonders* | McGraw Hill | မူလတန်း | • ထောက်ခံချက်ပေးရေးဆုံးဖြတ်ရန်အတွက် ဆန်းစစ်လေ့လာခြင်း<br>• စာသင်ခန်း 16 ခန်းရှိ ဆရာ/မများမှ *Wonders* and *Benchmark Advance* နှစ်ခုစလုံးအား ဆန်းစစ်လေ့လာခြင်း |
| *Benchmark Advance* | Benchmark | မူလတန်း | • ထောက်ခံချက်ပေးရေးဆုံးဖြတ်ရန်အတွက် ဆန်းစစ်လေ့လာခြင်း<br>• စာသင်ခန်း 16 ခန်းရှိ ဆရာ/မများမှ *Wonders* and *Benchmark Advance* နှစ်ခုစလုံးအား ဆန်းစစ်လေ့လာခြင်း |
| Teachers College *Reading and Writing Units of Study* | Heinemman | အလယ်တန်း | • အမျိုးမျိုးသော APS စာသင်ခန်းများစွာတွင် လက်ရှိအသုံးပြုထားပြီး ရွေးချယ်ရေးလုပ်ငန်းစဉ်ဖြင့် မဆန်းစစ်ရသေးပါ<br>• ထောက်ခံချက်ပေးရေး ဆုံးဖြတ်ရန်အတွက် ဆန်းစစ်လေ့လာခြင်း |
| ARC | American Reading Company | အလယ်တန်း | • ထောက်ခံချက်ပေးရေးဆုံးဖြတ်ရန်အတွက် ဆန်းစစ်လေ့လာခြင်း |
| EngageNY | EngageNY | အလယ်တန်း | • ထောက်ခံချက်ပေးရေးဆုံးဖြတ်ရန်အတွက် ဆန်းစစ်လေ့လာခြင်း |

ရွေးချယ်သင်ကြားရန်အတွက် ထောက်ခံချက်ပေးနိုင်ရန် ဆန်းစစ်အကဲဖြတ်လျက်ရှိသော ရင်းမြစ်များကို မတ်လလယ်တွင် နောက်ဆုံးအတည်ပြုပြီးသည်နှင့် ဤထုတ်ဝေထားသော စာအုပ်တစ်အုပ်စီ၏ ဆရာလက်စွဲနှင့် ကျောင်းသားလက်စွဲတို့အား 15751 E. 1st Ave, Aurora CO ရှိ ပညာရပ်ဆိုင်ရာ သင်ကြားရေးဆွေးနွေးပွဲစင်တာတွင် မတ်လ 19 ရက်နေ့မှ မတ်လ 30 ရက်နေ့အထိ 7:30 နာရီ -3:00 နာရီအထိ ပြသသွားမည်ဖြစ်သည်။ သင်တို့အား သင်ကြားရေးရင်းမြစ်များကို လာရောက်ကြည့်ရှုပြီး ထင်မြင်ချက်များပေးရန် ဖိတ်ခေါ်လိုက်ပါသည်။ APS စာသင်ခန်းများတွင် လက်ရှိသင်ကြားပေးနေသည့် ရင်းမြစ်များကို ကြည့်ရှုရန် မကြာမီထွက်ရှိလာမည့် ဗီဒီယိုလင့်ခ်များနှင့်အတူ ရင်းမြစ်များနှင့်ပတ်သက်၍ ပိုမိုသိရှိလိုသည်များရှိပါက ဤလင့်ခ် ကို ကြည့်ပါ။

Dr. Starla Pearson
ညွှန်ကြားရေးမှူး၊ သင်ပြရေးနှင့် သင်ယူရေး